**နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ဆန္ဒအလျောက် ကူညီပံ့ပိုးလိုသည့် ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများအား ဖိတ်ခေါ်ခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပြည်သူပြည်သားများ၏စုပေါင်းအင်အားနှင့်အတူကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။နိုင်ငံတော်တစ်ခုလုံး ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုကဏ္ဍပေါင်းစုံ၌ တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းပြည်ပရှိ လူ့စွမ်းအားအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချနိုင်မှုသည် လွန်စွာပဓာနကျပါသည်။

၂။ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြည်ပခရီးစဉ်များအတွင်း မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများနှင့် တွေ့ဆုံရာ၌ နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် တတ်အားသမျှပါဝင်ကူညီပံ့ပိုးအကျိုးပြုနိုင်ရန်အတွက် ဖိတ်ခေါ်ခဲ့ပြီး၊ မြန်မာနိုင်ငံသား၊ မြန်မာနိုင်ငံသားဟောင်းများကလည်း ယင်းသို့ပါဝင်အကျိုးပြုရန်အတွက် ကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ကြပါသည်။

၃။ သို့ဖြစ်ရာ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများနှင့် မြန်မာနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များအနေဖြင့် မိမိတို့တတ်သိကျွမ်းကျင်သည့် ပညာ၊ အတွေ့အကြုံတို့ဖြင့် နိုင်ငံတော်အတွက် ပါဝင်ကူညီပံ့ပိုးအကျိုးပြုလိုပါက ပူးတွဲပါပုံစံတွင် ဖြည့်စွက်၍ မြန်မာသံရုံး၊ ဝါရှင်တန်မြို့(ဦးဇင်ဖုန်းတင့်၊ကောင်စစ်တာဝန်ခံအရာရှိ၊ တယ်လီဖုန်းအမှတ်(၁-၂၀၂-၃၃၂၃၃၄၄)၊ အီးမေးလ်လိပ်စာ-mewdcusa@yahoo.com)ထံသို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း အသိပေး ဖိတ်ခေါ်အပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR WASHINGTON

**နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကူညီပံ့ပိုးဆောင်ရွက်ရန် ဆန္ဒပြုမည့်**
**ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ ဖြည့်စွက်ရမည့်ပုံစံ**
**(ကိုယ်ရေးမှတ်တမ်း)**

ဓါတ်ပုံ

၁။ အမည် ------------------------------------

၂။ အခြားအမည် ------------------------------------

၃။ မွေးသက္ကရာဇ် ------------------------------------

၄။ မွေးဖွားရာဇာတိ ------------------------------------

၅။ လက်ရှိနိုင်ငံသား ------------------------------------

၆။ လူမျိုး ------------------------------------

၇။ လက်ရှိကိုင်ဆောင်ထားသည့် နိုင်ငံကူးလက်မှတ်အမှတ် ------------------------------------

၈။ လက်ရှိအလုပ်အကိုင်/ ဌာန ------------------------------------
------------------------------------
------------------------------------

၉။ လေ့လာသင်ယူခဲ့သည့်ပညာ ရပ်များဘွဲ့များ/ တက္ကသိုလ် ------------------------------------
------------------------------------
------------------------------------

၁၀။ ကျွမ်းကျင်သည့်နယ်ပယ်/ တတ်ကျွမ်းသည့် အခန်းကဏ္ဍ ------------------------------------
------------------------------------

၁၁။ ပါဝင်အကျိုးပြုလိုသည့် အခန်းကဏ္ဍ ------------------------------------
------------------------------------

၁၂။ ပါဝင်ကူညီနိုင်သည့်ကာလ နှင့်နေရာ(ပြည်တွင်း/ ပြည်ပ) ------------------------------------
------------------------------------

၁၃။ ဖခင်အမည်နှင့် အလုပ်အကိုင် ------------------------------------
------------------------------------

၁၄။ မိခင်အမည်နှင့်အလုပ်အကိုင် ------------------------------------
------------------------------------

| | | |
|---|---|---|
| ၁၅။ | အခြားဖြည့်စွက်လိုသည့် အချက်အလက်များ/ အကြံပြုရန် အချက်များ (စာမျက်နှာ မလုံလောက်ပါက သီးခြားစာရွက်ဖြင့် ပူးတွဲ ဖြည့်စွက်နိုင်ပါသည်။) | ------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------<br>------------------------------------------------ |

**လျှောက်ထားသူ**

| | |
|---|---|
| **လက်မှတ်** | ------------------------- |
| **အမည်** | ------------------------- |
| **ဖုန်းနံပါတ်** | ------------------------- |
| **အီးမေးလ်လိပ်စာ** | ------------------------- |